၉၉ ■ ပန်းချင်းတူရင်တောင်...
မွှေးရနံ့ရှိတဲ့ ပန်းကိုမှ...
လူတွေက ပိုပြီး နှစ်သက်ကြတယ်။
■ လူချင်းတူရင်တောင်...
ကိုယ်ကျင့်တရားကောင်းသူကိုမှ...
လူတွေက ပိုပြီး တန်ဖိုးထားကြတယ်။

ခင်ချိုဦး (*SAE*)

၁၀၀ ■ ချစ်သူကို...
မျက်လုံးနဲ့ ရွေးပါ။
ဘဝအဖော်ကိုတော့...
အသည်းနှလုံးနဲ့ ရွေးပါ။

ချစ်မင်းလှိုင် (*AEC*)

၁၀၁ ■ အချစ်ဆိုတာ...
အကြောက်တတ်ဆုံးသူကို... ရဲရင့်စေသလို
အသိဉာဏ် အရှိဆုံးသူကိုလည်း...
ရူးမိုက်သွားစေတတ်တယ်... တဲ့။

အေးအေးမွန် (*SAE*)

၁၀၂ ■ မှလီကလေးတစ်လုံး။
နှုတ်ကလေးတစ်ချောင်း ဖြတ်ထွက်ရုံနဲ့
စက်ကြီးတစ်ခုလုံး ရပ်တန့်သွားနိုင်တယ်။
ဒါကြောင့်...
ပြည့်စုံခြင်းဆိုတာ...
အသေးအဖွဲတွေရဲ့ အစုအပေါင်း ဖြစ်တယ်။
■ အသေးအဖွဲတွေကို တန်ဖိုးထားတတ်ပါစေ...။

ထွန်းလင်းဇော် (*WEC*)